သင်ကြားပို့ချခြင်း
ဇန်နဝါရီ ၂၀၁၅

Natural Resource Governance Institute

# ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်များမှ နိုင်ငံအကျိုး အမြတ် ဖော်ဆောင်ခြင်း


## အနှစ်ချုပ်

- မိမိတို့မြေဆန္ဒနယ်များမှထွက်သည့် ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်များသည် မိမိဒေသကို အကျိုးဖြစ် စေရန် မှာလွှတ်တော် အမတ်များ၏ အဓိကတာဝန်ဖြစ်သည်။ ၎င်းတို့၏အခန်းကဏ္ဍမှာလည်း အရေးပါသည်။
- ဒေသအကျိုးဖြစ်ထွန်းစေရန် အတွက်ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစနစ်ကို စနစ်တကျ ပုံစံထုတ် အသုံးပြုရန်လိုသည်။ ဘဏ္ဍာရေးစနစ်ကို ထိထိရောက်ရောက် ရေးဆွဲပုံဖော်ထားနိုင်သည်ဆိုပါက ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက် များမှ အခွန် အခကို အမြင့်ဆုံးပမာဏထိ ကောက်ယူရရှိနိုင်မည်ဖြစ် သည်။ ထိုအခွန်အခများဖြင့် ဆင်းရဲမွဲတေမှုများလျော့ချပြီး လူမှု စီးပွားတိုးတက်မှုများဆောင်ရွက်နိုင်မည်ဖြစ်သည်။
- လွှတ်တော်အမတ်များအနေနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများအကြောင်း အဆိုးအကောင်းကို သိထားရန်လိုအပ်သလို တွင်းထွက်ကဏ္ဍကို ထိထိရောက်ရောက် စောင့်ကြည့်နိုင်ရန်အတွက် မဟာဗျူဟာများလည်း ကျေညက်ထားရမည် ဖြစ်သည်။
- ဘဏ္ဍာရေးစနစ်ပုံစံထုတ်သည့်အခါတွင် ယိုပေါက်၊ အခက်အခဲများအဖြစ်ရအောင် လွှတ်တော် အမတ်များမှ အဓိကတာ ဝန်ယူစောင့်ကြည့်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် အရင်းငွေ နည်းနည်း ဖြင့်လုပ်ငန်းလုပ်ကိုင်ခြင်း ( ကုမ္ပဏီတခု၏ အရင်းအနှီးပါဝင်မှု ပုံစံ တခု။ အခွန်အာဏာပိုင်များအမြင်တွင် ၎င်းကုမ္ပဏီ၏ အရင်းအနှီးတွင် အစုအလွန်နည်းပြီး ချေးယူငွေ အလွန်များသည်။ အချို့နိုင်ငံများတွင် ထိုကဲ့သို့သောကိစ္စများတွင် ချေးငွေအတိုးကို အမြတ်ခွဲဝေမှု ကဲ့သို့ သဘောထားဖြင့် အတိုးနှုန်းပေးမှုတွင် အခွန်လျော့ပေါ့ခွင့်ကို ငြင်းဆိုကြသည်။) နှင့် ဈေးနှုန်းညှိနှိုင်းရာတွင် မသမာခြင်း လွှတ်တော်အမတ်များ၏ အဓိကတာဝန်၊ အဓိကပါဝင်ရမည့်ကဏ္ဍမှာ ဘဏ္ဍာရေးစနစ်များ ရေးဆွဲ ပြီးပြီဆိုပါက လက်တွေ့အကောင်အထည်ဖော်မှုရှိရန်၊ စဉ်ဆက်မပြတ်စောင့်ကြည့်မှုများပြုလုပ်ရန် ဖြစ်သည်။ ယင်းစနစ်၏ ပွင့်လင်းမြင်သာ မှုကိုလည်း စောင့်ကြည့်ထောက်ပြရန် တာဝန်ရှိသည်။


အခွန်ကောက်ယူပုံနှင့် စာချုပ်ပါသတ်မှတ် ချက်များသည် နိုင်ငံအား ၎င်း၏သယံဇာတ ရင်းမြစ်များ၏ တန်ဖိုးအပြည့် အဝ ရရှိအောင် ဆောင်ရွက်ပေးနိုင်ရမည်။ ရင်းနှီးမြှုပ်နှံမှုများ ကိုလည်း ဆွဲဆောင်နိုင်ရမည်။ ပြောင်းလဲ လျက်ရှိ သောအ ခြေအနေများပေါ်တွင်လည်း လျင်မြန်စွာတုန့်ပြန်ဆောင်ရွက်နိုင်ရမည်။
ဥပဒေသ ၄၊ သဘာဝသယံဇာတ ကျင့်ထုံး

## အဖွင့်

သယံဇာတကြွယ်ဝသည့်နိုင်ငံများတွင်တော့ ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်လုပ်ငန်းဆောင်ရွက်မှုများသည် မိမိဒေသကို အကျိုး ဖြစ်ထွန်းစေရန်အတွက် လွှတ်တော်အမတ်များက အဓိကနေရာမှတိုက်ပွဲဝင် စောင့်ကြည့်ရသည်။ စနစ်တကျကိုင်တွယ်နိုင်ပါက သဘာဝသယံဇာတသည် ဆင်းရဲမွဲတေမှုကို ပပျောက် စေနိုင်သည်။ လူမှုရေး စီးပွားရေးကို တည်ငြိမ်စေသည်။ တွင်းထွက် ကဏ္ဍမှ အကျိုးအမြတ်များကို အမိအရ ဆုပ်ကိုင်နိုင်ရန်အတွက အရေးအကြီးဆုံးအချက်မှာ ဘဏ္ဍာရေးစနစ်ပုံစံ၊ နှင့် ယင်းကို စောင့်ကြည့်ခြင်း ဖြစ်သည်။
အသေအချာပြင်ဆင်ရေးဆွဲထားသည့် ဘဏ္ဍာရေးနစ်သည် နိုင်ငံအတွက် အခွန်အခများကိုလည်းရရှိစေသကဲ့သို့ ရင်းနှီးမြှုပ်နှံသူ များအတွက်လည်း မနစ်နာစေသည့် အစီအမံမျိုးကိုဆိုလိုပါသည်။ ဥပဒေပြုသူများအနေနှင့် ဘဏ္ဍာရေးစနစ်ကောင်းတခု ပေါ် ပေါက်လာရန် အတွက် အောက်ဖော်ပြပါ အချက်များကိုကြတ်မတ်ထားသည့် ဥပဒေများကို အတည်ပြုပေးခြင်းဖြင့် ပံ့ပိုးနိုင်သည်။

(၁) အကန့်အသတ်ရှိရင်းမြစ်များဆုံးရှုံးရရှိမှုများပြန်ကာမိစေရန် အနည်းဆုံးပြန်လည်ပေးသွင်းရမည့် သတ် မှတ်ချက်
(၂) ဈေးနှုန်းများမြင့်တက်လာသည့်အခါတွင် အမြတ်ဝေစုပမာဏ လုံလုံလောက်လောက် ရရှိနိုင်ရန်
(၃) ပွင့်လင်းမြင်သာမှု၊ တင့်သင့်လျောက်ပတ်မှုရှိသော
(၄) ယိုပေါက်များကို အခွင့်အရေးမယူနိုင်အောင် ဥပမာ  အရင်းငွေအနည်းအကျဉ်းနှင့် ဝင်ရောက်လုပ်ကိုင်ခြင်း နှင့် ဈေးနှုန်းညှိနှိုင်းရာတွင် မသမာခြင်း

## ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက် လုပ်ငန်းများအတွက် ဘဏ္ဍာရေးစနစ်

ဘဏ္ဍာရေးစနစ်ဆိုသည်မှာ ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်စီမံကိန်းများမှ ရရှိလာသည့် ငွေများကိုအစိုးရနှင့် ရင်းနှီးမြုပ်နှံသူအကြား မည်သို့ခွဲဝေမည်ကို ဆုံးဖြတ်ပေးသည့် ပြဌာန်းချက်များ ဖြစ်သည်။ (အခွန်များ၊ အခွန်တော်များ၊ အမြတ်ခွဲဝေမှု အစရှိသဖြင့်) ဘဏ္ဍာရေးဆိုင်ရာ ပြဌာန်းချက်များကို ဥပဒေပြုမဏ္ဍိုင်မှပြဌာန်းသည်များရှိသလို သီးခြားစာချုပ်များဖြင့် သတ်မှတ်သည်လည်း ရှိသည်။ ဘဏ္ဍာရေးစနစ်တခုကို ပုံစံထုတ်သည့်အခါ သို့မဟုတ် အသုံးချသည့်အခါတွင် လွှတ်တော်အမတ်များ အနေနှင့် အောက်ဖော်ပြပါ ရည်မှန်းချက်များကို မျက်ခြေမပြတ်ရန်လိုသည်။

## ဘဏ္ဍာရေးစနစ်သည် ရင်းနှီးမြုပ်နှံသူများကို ဆွဲဆောင်နိုင်ရမည်။

တွင်းထွက်ထုတ်ယူသည့်စီမံကိန်းများသည် အလွန်အကုန်အကျများသည်။ တူးဖော်ခြင်း၊ သန့်စင်ခြင်း အတွက် ငွေကြေးစိုက် ထုတ်ထားရသည်။ ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များမှာလည်း အချိန်ကြာ သည်။ ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များမှာ ခုတမျိုးတော်ကြာတမျိုး မဖြစ်စေရဟု ကုမ္ပဏီကို အာမခံနိုင်ရမည်။ ရင်းနှီးမြုပ်နှံသူကိုရော နိုင်ငံအတွက်ပါ အကျိုးများစေသည့် ဘဏ္ဍာရေးစနစ်ဆိုပါက စာချုပ်ပြန်လည်ညှိနှိုင်းရန် တောင်းဆိုမှုများပေါ်ပေါက်ရန် အလားအလာနည်းသည်။

## လုပ်ငန်းဆုံးရှုံးနိုင်မှုကို ရင်းနှီးမြုပ်နှံသူနှင့် နိုင်ငံအား မျှမျှတတ ခွဲဝေခံယူစေသည့် ဘဏ္ဍာရေးစနစ်ဖြစ်ရမည်။

တွင်းထွက်တူးဖော်ရေးလုပ်ငန်းများသည် မရေရာမှု များနှင့် ပြည့်နှက်နေသည်။ ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်လုပ်ငန်းများသည် နည်းပညာအခက်အခဲ သို့မဟုတ် မမျှော်လင့်သော ဈေးတက်မှု သို့မဟုတ် ဈေးကျမှုတို့နှင့် ရင်ဆိုင်ရနိုင်သည်။ ထိုအခါမျိုးတွင် ဖြစ်လေသမျှအရှုံးတို့အတွက်နိုင်ငံကချည်းသာ ခါးစည်းခံရသည်မျိုး၊ အမြတ်နှင့်မကာမိအောင် စိုက်ထုတ် ရသည်မျိုး မဖြစ်စေရန် ဘဏ္ဍာရေးစနစ်က ကြတ်မတ်ရမည်။

တွင်းထွက်ကဏ္ဍမှ ဘဏ္ဍာရေးစနစ်များသည် စီမံကိန်း အလိုက် အလွန်ကွဲပြားခြားနားသည်။ IMF မှပြုလုပ် ထားသည့် နိုင်ငံတကာလေ့လာ ချက်အရ မိုင်းတွင်းလုပ်ငန်းများ အတွက် သုံးပုံတပုံအောက်အခွန်ကောက်သည့် ဘဏ္ဍာရေးစနစ်၊ ရေနံအတွက် ၆၅=၈၅ ရာခိုင်နှုန်းကောက်သည့်ဘဏ္ဍာရေးစနစ်သည် ပြဿနာ အရင်းအမြစ်ဖြစ်သည်။ ဖော်ပြခဲ့ပါ ပမာဏများ သည် အတိုင်း အတာသဘော မျှသာ ဖြစ်သည်။ အခြေ အနေအမျိုးမျိုးကြောင့်စီမံကိန်းတခုမှ ထိုက်သင့်သောပမာဏဆိုသည်မှာ အခြားစီမံကိန်းမှထိုက်သင့်သောပမာဏနှင့် ကွဲပြားနိုင်သည်။ သဘာဝသယံဇာတ ကျင့်ထုံး ဥပဒေသ၄ တွင် အကြံပြုထားသည်မှာရရှိလာသည့် အမြတ်ကို ရင်းနှီးမြုပ်နှံသူနှင့် နိုင်ငံအကြားတွင် ခွဲဝေယူရမည်။ နိုင်ငံအနေနှင့်လည်း၄င်းဆုံးရှုံးရသည့်သယံဇာတတန်ဖိုးအပြည့်အဝ ရရှိစေသကဲ့သို့ ရင်းနှီးမြုပ်နှံမှုပြုလုပ်သည့် ပုဂ္ဂလိက ကုမ္ပဏီအနေနှင့်လည်း ၄င်းကုန်ကျစရိတ်များ ပြန်ကာမိစေရမည်။

## စီမံကိန်းအကျိုးအမြတ်ကိုပဓာနမထား၊ ဆုံးရှုံးသွားသည့် ရင်းမြစ်များအတွက် နိုင်ငံကို နစ်နာကြေး ပေးသွင်းသင့်သည်။

ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက် အရင်းအမြစ်များမှာ ထုတ်ယူသုံးစွဲပြီးပါက နောက်တကြိမ်ထုတ်မရနိုင်သော ကြောင့် နစ်နာကြေး ပေးသွင်းသင့်သည်။ အခွန်တော် သတ်မှတ်ထားလိုက်ပါက စီမံကိန်းအရှုံးပေါ်သည့် တိုင်နိုင်ငံအတွက် မနစ်နာတော့ပါ။

## ဘဏ္ဍာစနစ်တခုသည် တက်သာ ဆုတ်သာရှိရမည်။

တွင်းထွက်တူးဖော်ရေးလုပ်ငန်းများသည် အမြတ်အစွန်း အလွန်များနိုင်သည်။  ဌားရမ်းစရိတ် သည် ကုမ္ပဏီတခုအနေနှင့် အမြတ်အစွန်းရရှိအောင်ရင်းနှီးမြုပ်နှံရန်လိုအပ်သည့်ပမာဏထက်ကျော်လွန်ရရှိသည့် ငွေကြေးပမာဏကိုဆိုလိုခြင်းဖြစ်သည်။ အမြတ်အစွန်းပမာဏကို တိုင်းတာ၊ အခွန်ကောက် နိုင်သည့် လုပ်ငန်းစဉ်များသည် ပစ္စည်းဈေးနှုန်းတက်သည့်အခါ နိုင်ငံ၏ အခွန်အခဝင်ငွေကို တိုးတက်စေနိုင်သကဲ့သို့ ဈေးကျသည့်အခါတွင်လည်း ကုမ္ပဏီအတွက်ခုသာခံသာ အောင်ပြင်ဆင်ပေးနိုင်သည်။

## ဘဏ္ဍာရေးဆိုင်ရာ ပြဌာန်းချက်များကို စာချုပ်တခုခြင်းအလိုက် သတ်မှတ်သည်ထက် ဥပဒေဖြင့် ပြဌာန်းခြင်းက ပိုသင့်တော်သည်။

တွင်းထွက်ကဏ္ဍတွင် စံသတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ ပြဌာန်းချက်ကိုအသုံးပြုသည် ထက် ညှိနှိုင်းခြင်းကပိုတွင်ကျယ်သည်။ စာချုပ်သဘောသဘာဝမှာ လျှို့ဝှက်ဆောင်ရွက် ရလေ့ရှိသောကြောင့် ဘဏ္ဍာရေးပြဌာန်းချက်များကို ဥပဒေပြုခြင်းဖြင့် ဆောင်ရွက်ပါက ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု ပိုမိုမြင့်မားသည်။ ညှိနှိုင်းမှုများ သည်လည်း လာဘ်စားမှု၊ အကျင့်ပျက် အကြံ အဖန်မှုများကို ပိုမိုပေါ်ပေါက်စေနိုင်သည်။ ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များသည် စာချုပ်တခုနှင့် တခု ကွဲပြားနေပါက စောင့်ကြည့်ခြင်း ပြုလုပ်ရာတွင် အတားအဆီးဖြစ်စေသည်။ မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ကြိုးစားနေသည့် မူဝါဒရေးဆွဲသူများ များ၏ အားထုတ်မှုကိုလည်း စိတ်ပျက်အားလျော့ စေမည်။

## ပွင့်လင်းမြင်သာမှု၊ တသတ်မတ်တည်းရှိမှုတို့က နိုင်ငံ၏ ရပ်တည်ချက်ကို အားကောင်းစေသည်။

တွင်းထွက်တူးဖော်ရေးလုပ်ငန်းများသည် နိုင်ငံနှင့် ပုဂ္ဂလိကကဏ္ဍကြားတွင် အနေအထားကွဲပြားမှု အလွန်ကြီးမားသည့်လုပ်ငန်းဟု သတ်မှတ်ထားကြသည်။ နိုင်ငံက အရင်းအမြစ်များကိုပိုင်ဆိုင် သဖြင့် ဈေးနှုန်းညှိရာတွင် ခိုင်ခိုင်မာမာရပ်တည်နိုင်သည်။ သို့သော်လည်း ကုမ္ပဏီများအနေနှင့် စီမံကိန်းပြုလုပ်မည့်နေရာ၏ အချက်အလက်များကိုပိုမိုသိရှိခြင်း၊ အခွန်စီမံရာတွင် ကျွမ်းကျင်ခြင်း တို့ကြောင့် ဈေးနှုန်းညှိနှိုင်းရာတွင် အသာစီးရသည်များလည်း ရှိတတ်သည်။

## အခြေခံအားဖြင့် အသုံးပြုလေ့ရှိသည့် ဘဏ္ဍာရေးအစီအမံများ

**အခွန်တော်များ -** သယံဇာတတူးဖော်ခွင့်ရရန်အတွက် ယူနစ်အလိုက်တွက်ချက်ပြီး သယံဇာတများ ၏ မူလပိုင်ရှင်သို့ပေးရသည့် ပေးသွင်းမှုဖြစ်သည်။ ပုံမှန်အားဖြင့် အစိုးရက ပြည်သူများကိုယ်စား လက်ခံသည်။ (လက်ရှိအစိုးရ၊ တက်လာမည့်အစိုးရ) အခွန်တော်ကို ထုတ်ယူသည့်သယံဇာတ တန်ဖိုး၏ ရာခိုင်နှုန်းမည်ရွေ့မည်မျှ ပေးရမည်ဟု သတ်မှတ်ကောက်ယူသည်။ ထိုသို့ သတ်မှတ် ကောက်ယူရာတွင် ထုတ်လုပ်ရေးစရိတ်၊ အခြားစရိတ်များကို ထည့်သွင်းတွက်ချက်ခြင်းမရှိပါ။

**ဝင်ငွေခွန်များ -** စီမံကိန်းတခု၏ ခွင့်ပြုအသုံးစရိတ်များထုတ်နှုတ်ပြီးကျန်သည့် အသားတင်အမြတ် ပေါ်တွင် ရာခိုင်နှုန်း အလိုက်ကောက်ခံသည့် အခွန်များ။


**ဆုကြေးများ -** တူးဖော်ခွင့်ရရန်အတွက် ကုမ္ပဏီက အစိုးရသို့ တလုံးတခဲပေးသွင်းမှုကို ဆိုလိုသည်။ စီမံကိန်းအဆင့်အလိုက်ပေးသွင်းသည့် ဆုကြေး လည်းရှိသည်။ (ဥပမာ - ထုတ်လုပ်မှုအဆင့် တစုံတရာတိုးတက်ဖြစ်ထွန်းသည့်အခါမျိုးတွင်မှ ပေးသွင်းသည်မျိုးလည်းရှိ သည်)

**ပင်ရင်းနှုတ်ယူပေးသွင်းခွန် –** ရေနံ၊ ဓာတ်ငွေ့၊ မိုင်းလုပ်ငန်းများနှင့် ဆက်စပ်နေသည့် တဆင့်ခံ ကန်ထရိုက်တာများ၊ ငွေကြေး စိုက်ထုတ်သူများ၊ ရှယ်ယာရှင်များကို နိုင်ငံအနေနှင့် အခွန်ကောက်ယူခွင့်ရှိသည်ဟု မတင်မကျလက်ခံထားကြသည်။ သို့သော်လည်း လက်တွေ့ကောက်ယူရာတွင် အခက်အခဲများရှိသည်။ ထိုကဲ့သို့သော အခြေအနေမျိုးအတွက် အသုံးများသည့် ဖြေရှင်းပုံတခုမှာ တတိယအင်အားစုများထံသို့ ကုမ္ပဏီကပေးသွင်းရမည်များကို ကုမ္ပဏီကပင်စုစည်းထားပြီး အစိုးရထံသို့ လွှဲပြောင်းပေးခြင်းမျိုးကို အသုံးပြုကြသည်။

**ကုန်စည်ခွဲဝေခြင်း –** ရေနံနှင့် ဓာတ်ငွေ့စီမံကိန်းများတွင် အသုံးများ သည့် ပုံစံဖြစ်သည်။ ရင်းနှီးမြုပ်နှံသူ ပုဂ္ဂလိက ကုမ္ပဏီနှင့် နိုင်ငံအကြား ထွက်ရှိသည့် ရေနံ၊ ဓာတ်ငွေ့များကို သတ်မှတ်ထားချက်နှင့်အညီခွဲဝေသည်။ (ရံဖန်ရံခါ နိုင်ငံပိုင်လုပ်ငန်းများက တဆင့်ခွဲဝေသည်)

**နိုင်ငံ၊ အစိုးရ ရှယ်ယာ -** ကုမ္ပဏီတွင်း အမြတ်ခွဲဝေသည့်အခါ အစိုးရ ရရှိသည့်အကျိုးအမြတ်။ ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက် စီမံကိန်း များတွင် နိုင်ငံတော်က ရှယ်ယာ ဝယ်ယူခြင်း သို့မဟုတ် ညှိနှိုင်းကာ ရယူခြင်းဖြစ်သည်။ ထိုသို့ အမြတ်ပါ ဝင်ရယူခြင်းကြောင့် နိုင်ငံအနေနှင့် စောင့်ထိန်းရမည့်အချက်များ ပိုလာနိုင်သည်။

**အမြတ်အစွန်းခွန်** - နိုင်ငံတကာကုန်စည်ဈေးနှုန်းတက်သဖြင့် အမြတ်အစွန်းပိုလာသည့် အခါတွင် ဆုပ်ကိုင်နိုင်ရန် အထူးရေးဆွဲထားသည့် အခွန်ပုံစံတမျိုး။ အစိုးရအနေနှင့် အထက်ဖော်ပြခဲ့ပါ ဘဏ္ဍာရေးပြဌာန်းချက်အမျိုးမျိုး ခြုံငုံအသုံးချပုံပေါ်မူတည်ပြီး အခွန်အခဝင်ငွေပမာဏ အနိမ့်အမြင့်ကွဲပြားနိုင်သည်။ တခုခြင်းအသုံးပြုခြင်းထက် အတွဲလိုက် အသုံးချခြင်းက ပိုထိရောက်သည်။




*အခွန်တော်စနစ်ဖြင့်ကောက်ယူရရှိသည့် အခွန်များခွဲဝေပုံ*
*မှတ်ချက်။ ။ စာလုံးနေရာအကြီးအသေး သည် ငွေကြေး ပမာဏအနဲအများနှင့်မဆိုင်ပါ။*

## ယိုကွက်၊ အားနည်းချက်များ

ဘဏ္ဍာရေးဆိုင်ရာ အငြင်းအခုန်များဖြစ်လာပြီဆိုပါက အခွန်တော်နှုန်း၊ အခွန်နှုန်း၊ နိုင်ငံအတွက် အမြတ်ခွဲဝေမှုတို့သည် ပြည်သူက အများဆုံးအာရုံစိုက်သည့်ကိစ္စရပ်များဖြစ်သည်။ ထို ဘဏ္ဍာရေး ဆိုင်ရာ ပြဌာန်းချက်များသည် အချို့သောကိစ္စရပ်များအတွက်သာဖြစ်သည်။ ထိုကြောင့် အခွန်နှုန်းထားသတ်မှတ်ချက်ကို မည်သို့အသုံးချသည်ဆိုသည့်အချက်ကလည်း အခွန်ရရှိမှုပမာဏ တွက်ချက်ရာတွင်  အခွန်နှုန်းထား နည်းတူအရေးပါသည်။ ဥပမာအားဖြင့် အခွန်တော်နှုန်းထားသည်မြင့်သည်ဆိုသော်လည်း အခွန်တော်တွက်ချက်ရာတွင် အသုံးပြုသည့် ဈေးနှုန်းက နည်းနေသည်ဆိုပါက ကုမ္ပဏီမှ ပေးသွင်းရငွေမှာလည်းနည်းမည်ဖြစ်သည်။ အကယ်၍များ အခွန်တော်နှုန်းသည် ရင်းနှီးမြုပ်နှံသူ လက်ခံရရှိသည့် ဈေးနှုန်းပေါ်တွင်အခြေခံထားသည်ဆိုပါက တွင်းထွက်များ၏ တန်ဖိုးအမှန်အတိုင်း ရရန် မည်သည့်အာမခံချက်မျိုးရှိသနည်း။ ထို့ အတူပင် အခွန်လျော့ချရန်ရည်ရွယ်၍ ထုထတ်လုပ်မှု စရိတ်များလျော့ချတင်ပြခြင်းမျိုး မရှိအောင်မည်သို့ဆောင်ရွက်မည်နည်း။ သင့်တော်သည့် ထိန်းချုပ် မှုမရှိပါက ကုမ္ပဏီများအနေနှင့် နိုင်ငံသို့ပေးသွင်းရသည့် အခွန်ရှောင်ရန်အတွက် ဈေးနှုန်းမသမာမှုပြုလုပ်နိုင်သည်။ ( နိမ့်လွန်း မြင့်လွန်းသည့် ဈေးနှုန်းအတုဖြင့်ရောင်းဝယ်ခြင်း) ထိုကဲ့သို့သော ပြဿနာမျိုးကို ဖြေရှင်းရန်အတွက် လွှတ်တော်အနေနှင့် အခွန်တော်၊ အခွန်များ သတ်မှတ်ရာတွင် အသုံးပြုသည့် ဈေးနှုန်းများကို ပွင့်လင်းစွာပြဌာန်းစေရန် တိုက်တွန်းမှုများ ပြုလုပ်နိုင်သည်။ နောက်ထပ်အဖြစ်များသည့် ပြဿနာတရပ်မှာ အရင်းငွေအနည်းအကျဉ်းနှင့် ဝင်ရောက်လုပ်ကိုင်ခြင်းဖြစ်သည်။ စီမံကိန်းကို အကြွေးထူထူဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ချေးငွေပမာဏများလွန်းသောကြောင့် ကုမ္ပဏီအနေနှင့် အတိုးနှုန်းကို စရိတ်ပြပြီး အခွန်လျော့ပေ့ါ ပေးပါရန် အကြံအဖန် လိုပ်ပြီး ဝင်ငွေခွန်ရှောင်နိုင်သည်။ နိုင်ငံအနေနှင့် ရသင့်သည့် အခွန်များ မဆုံးရှုံးရလေအောင် အတိုးနှုန်းလျော့ချပေးသည်ပမာဏကို သင့်တော်သည့် ပမာဏတရပ် သတ်မှတ် ပေးခြင်းမျိုး ဆောင်ရွက်နိုင်သည်။

သို့မဟုတ် သယံဇာတ အမြတ်ပေါ်ကောက် သည့်အခွန် ကောက်ယူခြင်းဖြင့် ကာကွယ်နိုင်သည်။ ယင်းအခွန်တွင် လုပ်ငန်းလည်ပတ်ခြင်းတွင် အသုံးပြုသည့်ငွေ အတိုးနှုန်းကို လျော့ပေးခြင်းမရှိပါ။

## မြန်မာ့ဘဏ္ဍာရေးစနစ်၏ အဓိကအချက်များ

မြန်မာနိုင်ငံ၏ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းများကို အဓိကအားဖြင့် ကုန်စည်ခွဲဝေရေး စာချုပ်များနှင့် ထပ်တိုးထုတ်ယူခြင်း စာချုပ်များဖြင့် အဓိက ဆောင်ရွက်သည်။ မြန်မာနိုင်ငံရှိလုပ်ကွက်များတွင် လာရောက်လုပ်ကိုင်သည့် မည်သည့်လုပ်ငန်း မဆို ကုန်စည်ခွဲဝေရေး စာချုပ်များနှင့်ဖြစ်စေ၊ ထပ်တိုးထုတ်ယူခြင်း စာချုပ် နှင့်ဖြစ်စေ အခွန်တော်အဖြစ် အစိုးရသို့ ၁၂.၅ ရာခိုင်နှုန်းပေးသွင်း ရမည်ဖြစ်သည်။ ကုန်စည်ခွဲဝေရေး စာချုပ်များပုံစံတွင် အစိုးရရှယ်ယာအနေဖြင့် ကုန်းတွင်း လုပ်ကွက်များအတွက် အမြတ်ဆီ သို့မဟုတ် ဓာတ်ငွေ့ ၆၀ - ၉၀ ရာခိုင်နှုန်းကို၊ ထုတ်လုပ်မှုပမာဏပေါ်မူတည်ပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှတဆင့် ကောက်ယူသည်။ ကမ်းလွန်လုပ်ကွက်များအတွက် အမြတ်ဆီအတွက် ၆၀ - ၉၀ ရာခိုင်နှုန်း ဖြစ်ပြီး၊ အမြတ်ဓာတ်ငွေ့အတွက် ၅၅ - ၉၀ ရာခိုင်နှုန်းဖြစ်သည်။ ထုတ်လုပ်မှု ပမာဏနှင့် ရေအတိမ်အနက်ပေါ်မူတည်ကွဲပြားသည်။ ထပ်တိုးထုတ်ယူခြင်း စာချုပ် တွင်မူ ကုန်းတွင်းလုပ်ကွက်များ အတွက် အစိုးရရှယ်ယာသည် အမြတ်ဆီ ၆၀ - ၈၅ ရာခိုင်နှုန်း၊ အမြတ် ဓာတ်ငွေ့ ၆၀ ရာခိုင်နှုန်း ဖြစ်သည်။ နိုင်ငံအနေနှင့် MOGE မှတဆင့် ရှယ်ယာ လည်းယူသည်။ စာချုပ်ပုံစံပေါ်မူတည်ပြီး ၁၅ မှ ၂၅ ရာခိုင်နှုန်းယူသည်။ တွင်းထွက်တူးဖော်ရေးလုပ်ငန်းများမှာ ပစ္စည်း သို့မဟုတ် အမြတ်ခွဲဝေမှု ပုံစံဖြင့်သွားသည်။ လုပ်ငန်းဆောင်ရွက်လိုသူအနေနှင့် လက်မှတ်ထိုးကြေး ၊ မြေငှားခ၊ အခွန်တော်များနှင့် အခြားပေးသွင်းမှုများပြုလုပ်ရမည်။ ပစ္စည်း သို့မဟုတ် အမြတ်ခွဲဝေရာတွင် နိုင်ငံက ၃၀ ရာခိုင်နှုန်းကို သက်ဆိုင်ရာ နိုင်ငံပိုင်လုပ်ငန်းမှတဆင့်ရယူပြီး ၇၀ ရာခိုင်နှုန်းကိုတော့ ရင်းနှီးမြုပ်နှံသူက ခံစားသည်။ အခွန်တော်များနှင့်ပတ်သက်ပြီး ၁၉ ၉ ၄ သတ္တုတွင်းဥပဒေအရ သတ္တုတွင်းလုပ်ကွက်ရသူသည် တွင်းထွက်ရောင်းရငွေပမာဏလိုက်ပြီး သတ်မှတ်ထားသည့် အတိုင်း အခွန်တော်ပေးသွင်းရန် သတ်မှတ်ထားသည်။ သို့သော်လည်း ၁၉ ၉ ၅ ကျောက်မျက် ဥပဒေတွင်တော့ ကျောက်မျက်အတွက်နှုန်းမှာ သပ်သပ်ဖြစ်သည်။ စိန်၊ နီလာ၊ ပတ္တမြားနှင့် ကျောက်စိမ်းတို့အတွက် ၂၀ ရာခိုင်နှုန်းဖြစ်ပြီး၊ အခြားကျောက်မျက်များအတွက် ၁၀ ရာခိုင်နှုန်း ဖြစ်သည်။ ၁၉ ၉ ၄ သတ္တုတွင်းဥပဒေတွင်တော့ မည်သည့် ကျောက်မျက်မဆို ၅ - ၇.၅ ရာခိုင်နှုန်းထိသာဖြစ်သည်။ ၁၉ ၉ ၅ ကျောက်မျက်ဥပဒေကို ၁၉ ၉ ၄ သတ္တုတွင်းဥပဒေ၊ ကျောက်မျက်ဆိုင်ရာ ပုဒ်မများတွင် အစားအသုံးချလိုက်သည်။

| တွင်းထွက် | အခွန်နှုန်း |
|---|---|
| ကျောက်မျက် (၁၉ ၉ ၅ ကျောက်မျက်ဥပဒေအရ ) | စိန်၊ နီလာ၊ ပတ္တမြားနှင့် ကျောက်စိမ်းတို့အတွက် ၂၀ ရာခိုင်နှုန်းဖြစ်ပြီး၊ အခြားကျောက်မျက်များအတွက် ၁၀ ရာခိုင်နှုန်း |
| ရွှေ၊ ငွေ၊ ပလက်တီနမ်၊ အိုင်ရီဒီယမ် ၊ ပလာဒီယမ် ၊ ရူသာနီယမ်၊ ရိုဒီယမ်၊ တန်တလွန်၊ ကိုလွမ်ဘီယမ် ၊ နီအိုဘီယမ်၊ ယူရေနီယမ်၊ သိုရီယမ် ၊နှင့် အခြားသော အဖိုးတန် သတ္တုတွင်းထွက်များ | ၄ -၅ ရာခိုင်နှုန်း |
| သံ၊ သွပ်၊ ကြေး၊ ခဲ၊ သံဖြူ၊ အဖြိုက်နက်၊ နီကယ်၊ ခနောက်စိမ်း၊ အလူမီမီယမ်၊ အာဆင်းနစ်၊ ဘစ်စ်မွတ် ၊ ကဒ်ဒမီယမ်၊ ခရိုမီယမ်၊ ကိုဘော့၊ မဂ္ဂနိစ် | ၃ -၄ ရာခိုင်နှုန်း |
| စက်မှုလုပ်ငန်းသုံးတွင်းထွက် သို့မဟုတ် ကျောက် | ၁ - ၃ ရာခိုင်နှုန်း |

မြန်မာနိုင်ငံမှ အခွန်တော်နှုန်းထားများ ကိုးကား။ မြန်မာသတ္တုတွင်းဥပဒေ ၁၉ ၉ ၄၊ အခန်း ၄။
မြန်မာကျောက်မျက်ဥပဒေ ၁၉ ၉ ၅ - ၀၈ အခန်း ၉ ၀

ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်လုပ်ငန်းများနှင့် ပတ်သက်သည့် ဥပဒေမူဘောင်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပြန်လည်စစ်ဆေးနေသည်။ ရေနံဥပဒေသစ်မှာလည်း မူကြမ်း ရေးဆွဲလျက်ရှိနေသည်။ ယင်းတွင် ရေနံနှင့် ဓာတ်ငွေ့ဘဏ္ဍာရေးစနစ်များ အပြောင်းအလဲ များပါဝင်နိုင်သည်။ သတ္တုတွင်းနှင့် ကျောက်မျက်ဥပဒေများမှာလည်း ပြင်ဆင်ရန် အသင့်ဖြစ်နေပြီ ဖြစ်သည်။ ယင်းသည်လည်း လက်ရှိတူးဖော်ရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးစနစ်ကို အပြောင်းအလဲ ဖြစ်စေသည့် အချက်များပါဝင်နိုင်သည်။

## မူဝါဒကောင်းများထူထောင်နိုင်ရေး၊ ထိရောက်သည့်စောင့်ကြည့်မှုများပြုလုပ်နိုင်ရေး မဟာဗျူဟာ များ

လွှတ်တော်အမတ်များအနေဖြင့် အောက်ဖော်ပြပါ ဥပဒေပြဌာန်းချက်များကို သုံးသပ်ခြင်း၊ အပြန် အလှန်ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းများဖြင့် ဘဏ္ဍာရေးစနစ်ကောင်းမွန်လာစေရန် ပံ့ပိုးပေးနိုင်သည်။ ကနဦးအဆင့် ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက် တူးဖော်ရေး ဥပဒေများသည် အခွန်တော် နှုန်းကို သတ်မှတ်သည်။ ရံဖန်ရံခါ သယံဇာတအမြတ်ခွန်ကိုလည်း သတ်မှတ်သည်။ ထိုဥပဒေများသည် နိုင်ငံအမြတ်ရှယ်ယာပမာဏ၊ ပစ္စည်းခွဲဝေရေးသဘောတူညီချက်များနှင့် ဆုကြေးများ အတွက်အခြေအနေများကို သတ်မှတ်သည်။ အခွန်ဥပဒေများသည် ဝင်ငွေခွန်၊ ပင်ရင်းထုတ်နှုတ်ခွန်တွက်ချက်ရာတွင် အခြေခံဖြစ်သည်။ ပြဌာန်းချက်များဖြင့် ပေါ်ပေါက်လာနိုင်သည့် ယိုပေါက်များကိုပိတ်ဆို့နိုင်သည်။ အခွန်ဥပဒေများဖြင့် ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်များအတွက် အထူးပုဒ်မများ ထုတ်ပြန်နိုင်သည်။ ဥပမာ နေအိမ်၊ ရုံး အသုံးစရိတ်များ သတ်မှတ်ချက်၊ အထူးကွင်းလွတ်ခွင့်သတ်မှတ်ချက်များ ချမှတ်ခြင်း၊ အခွန်အရှုံးကို ဆက်လက် သယ်သွားခြင်းများ၊ စီမံကိန်းအလိုက် အခွန်ခွဲခြားကောက်ခံမှုများ ဟုခေါ်သည်များကို ဆောင်ရွက်နိုင်သည်။ ရင်းနှီးမြုပ်နှံမှု မြှင့်တင်ရေး ဥပဒေများသည် ငွေရှင်များကို ဆွဲဆောင်မှုများပြုလုပ်သည်။ ဥပမာ အားဖြင့် ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်ကုမ္ပဏီများကို အခွန်ကင်းလွတ်ခွင့်များပေးခြင်း။ စာချုပ်များကိုလွှတ်တော်က အတည်ပြုရန်လိုအပ်သည့်နိုင်ငံများဆိုပါက ဘဏ္ဍာရေးဆိုင်ရာ ပြဌာန်းချက်များအတွက် အထူးသတ်မှတ်ချက်များထည့်သွင်းနိုင်သည်။ (ပုံမှန်ပြုလုပ်နေကျဖြစ် သော်လည်း တတ်နိုင်ပါက ရှောင်ရှားသင့်သည်။ ဘဏ္ဍာရေးစနစ်တည်ငြိမ်ရေးအတွက်သတ်မှတ်ချက်များကို စီမံကိန်းအလိုက်ထည့်သွင်းနိုင်သည်။

## စောင့်ကြည့်ရေးကို အားစိုက်မည့် လွှတ်တော်အမတ်များအနေဖြင့်

- ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်စီမံကိန်းများ၏ ဘဏ္ဍာရေးပြဌာန်းချက်များပေါ် သက်ရောက် မှု များရှိလာနိုင်သည့် ဥပဒေများ အားလုံးသည် တသတ်မတ်တည်းဖြစ်နေရမည်။ နိုင်ငံ အချို့တွင် ဥပဒေ တခုနှင့်တခု မညီမညာဖြစ်နေသောကြောင့် အခက်အခဲ များတွေ့နေကြ သည်။ ဥပမာ - သတ္တုတွင်းဥပဒေကော၊ ရင်းနှီးမြုပ်နှံမှုမြှင့်တင်ရေးဥပဒေပါ ဆွဲဆောင်မှု များပြုလုပ်ရန် မက်လုံးထုတ်ကြသည်။ နှစ်ခုပေါင်းသည့်အခါတွင်တော့ လိုက်လျော လွန်သွား သည်လည်းရှိနိုင်သည်။ ရောထွေးပြီး မရှင်းမလင်းဖြစ်သွားသည် လည်း ဖြစ်သွားနိုင်သည်။
- စီမံကိန်းအကြီးများမှ ရရှိလာနိုင်သည့် ခန့်မှန်းဝင်ငွေကို အစိုးရထံမှ တောင်းယူပါ။ ဘဏ္ဍာရေးဆိုင်ရာအထူးကင်းလွတ်ခွင့် သို့မဟုတ် ပံ့ပိုးမှု (မက်လုံးပေးမှု) များရှိသည်ဆိုပါ က ပို၍အလေးထားတောင်းယူသင့်သည်။ ဝင်ငွေခန့်မှန်းတွက်ချက်ရာတွင် အသုံးပြုခဲ့သည့် ဈေးနှုန်း၊ ကုန်ကျငွေ အစရှိသည်များ၏ အသေးစိတ်စာရင်းကိုလည်းတောင်းယူပါ။ ထို့နောက် ဥပဒေပြုသူများအနေနှင့် စီမံကိန်းမှ အမှန်တကယ်ရရှိလာသည့် နိုင်ငံ့ဝင်ငွေ ဘယ်မျှရှိသည်ကို ခန့်မှန်းတွက်ချက်ထားသည်နှင့် တိုက်ဆိုင်စစ်ဆေးရမည်။ အစိုးရက ဝင်ငွေစာရင်းကို ပုံမှန်တင်ပြရမည်။

- ကုမ္ပဏီများနှင့် ချုပ်ဆိုထားသည့် စာချုပ်များအားလုံးဖွင့်ပြရန်တောင်းဆိုရမည်။ သို့မှသာ သမရိုးကျ ဥပဒေကြောင်းအရ ခွင့်မပြုနိုင်သည့် ကင်းလွတ်ခွင့်များ၊ ပုံပိုးမှုများ၊ အပေးအယူ မည်မျှရှိနေသည်ကို လွှတ်တော်အမတ်များအနေဖြင့် သိနိုင်မည်ဖြစ်သည်။ စာချုပ်များကို လွှတ်တော်ကစောင့်ကြည့်ရာတွင် ထိရောက်မှုရှိစေရန်အတွက် စာချုပ်ဖွင့်ပြရေးသည် သည် မရှိမဖြစ်လိုအပ်သည်။
- ပြင်ပအခွန်စစ်ဆေးမှုအပါအဝင် အစိုးရအရာရှိများအနေနှင့် ဘဏ္ဍာရေးစနစ်နှင့် အညီ ဆောင်ရွက်လိုက်နာမှုရှိမရှိကိုရှင်းပြရန် အစိုးရအရာရှိများကို ဖိတ်ခေါ်ရမည်။

## လွှတ်တော်အမတ်များ မေးသင့်သည့်မေးခွန်း

- စီမံကိန်းတခု၏ လွှမ်းခြုံဘဏ္ဍာရေးစနစ်တခု ကိုသတ်မှတ်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေနှင့် လုပ်ပိုင်ခွင့် မည်မျှရှိသနည်း။ မည်သည့် အချက်များကို လိုက်လျောပြီး မည်သည့်အချက်များကို ကိုင်ထားမည်နည်း။ လိုက်လျောနိုင်သည့်အရာများ အတွက် မည်ကဲ့သို့သောထိန်းချုပ်မှုများ၊ ကန့်သတ်မှုများပြုလုပ်ထားသနည်း။
- မည်သည့် ဘဏ္ဍာရေးစနစ်ကို အခြေခံသည်ဖြစ်စေကာမူ စီမံကိန်းမှရလာနိုင်သည့် အခွန်အခများကို ခန့်မှန်းရာတွင် မည်သည့်အချက်များကိုအခြေခံသနည်း။ (ဥပဒေအရသတ်မှတ်ချက်ဖြစ်စေ၊ ညှိနှိုင်းသည်ဖြစ်စေ) ကုမ္ပဏီ၏ တိုက်တွန်းချက်၊ တင်ပြချက်များပေါ် အခြေခံတွက်ချက်ခြင်းလော သို့မဟုတ် လွတ်လပ်မှုတသော သုံးသပ်မှု၊ အကဲဖြတ်မှုလော။
- အစိုးရနှင့် သက်ဆိုင်ရာ အာဏာပိုင်များက မည်ကဲ့သို့သော ဆုံးရှုံးမှုကြိုတင်သုံးသပ်ခြင်း များပြုလုပ်ပြီးပြီလဲ။ ဈေးနှုန်း ၅၀၊ ၂၀၀၊ ၁၀၀ ရာခိုင်နှုန်းတက်သွား သည်ဆိုပါက ကုမ္ပဏီသို့ဝင်ငွေ၊ နိုင်ငံသို့ဝင်ငွေ မည်သို့ပြောင်းလဲသွားမည်နည်း။ ဈေးနှုန်း ၂၅ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ထိုထက်ပိုကျပါက ဘာဖြစ်နိုင်သလဲ။
- ဈေးနှုန်းမသမာမှုတိုက်ဖျက်ရန် အစိုးရအနေနှင့်ဘာတွေပြင်ဆင်ထားသလဲ။ စီမံကိန်း တခု၏ အခွန်တော်နှင့်အခွန်များ တွက်ချက်ရာတွင် အသုံးပြုနိုင်သည့် နိုင်ငံတကာသုံး ဈေးနှုန်းအညွှန်းရှိပါသလား။ ရှိသည်ဆိုပါက ၎င်းတို့ကိုမသုံးရခြင်း၏ ယုတ္တိဆန်သော၊ ကျိုးကြောင်းလျော်သောအဖြေ။
- နိုင်ငံနှင့်၊ တွင်းထွက်ကဏ္ဍကို ဘဏ္ဍာရေးစနစ်က မည်သို့ထိန်းညှိပေးသနည်း။
- ကုမ္ပဏီတခုက ဥပဒေနှင့်ခြားနားသည့် ဘဏ္ဍာရေးဆိုင်ရာပြဌာန်းချက်များဖြင့် အခွင့်ကောင်းယူနေသည်ဆိုပါက အစိုးရအနေနှင့် မည်မျှနစ်နာမည်နည်း။ အခြားကုမ္ပဏီ များလိုက်နာရသည်နှင့် မည်ကဲ့သို့ကွာခြားနေသနည်း။ ကွာခြားမှုအတွက် ဖြေရှင်းချက်။ စာချုပ်တည်ငြိမ်ရေးအပိုဒ်များထည့်သွင်းမည်ဆိုပါက အစိုးရအနေနှင့် တည်ငြိမ်ရေးကို အကန့်အသတ်ဖြင့် လုပ်နိုင်သည့် နည်းလမ်းများကို စဉ်းစားပြီးပြီလား။ (ဥပမာ အချိန် ကာလ လျော့ချခြင်း သို့မဟုတ် တသတ်မတ်တည်း ကောက်သည့် အခွန်အမျိုးအစားကို ကန့်သတ်လိုက်ခြင်း
- တူးဖော်ရေးကုမ္ပဏီများက စာချုပ်ဖွင့်ပြရန် ဆန္ဒရှိကြပါသလား။ မရှိပါက အဘယ်ကြောင်း ကြောင့်မရှိကြသနည်း။ စာချုပ်ဖွင့်ပြရေးကိုအားပေးသည့် မူဝါဒများကို အစိုးရက ချမှတ် လျက်ရှိသလား။ လွှတ်တော်၏စောင့်ကြည့်ရေး တာဝန်များကို ပိုမိုကောင်းမွန်လာစေရန် အတွက်၊ စီမံကိန်းများသည်နိုင်ငံ၏ ဘဏ္ဍာရေးစနစ်နှင့် တသားတည်း ဖြစ်စေရန်အတွက် မည်သည့်ဆောင်ရွက်ချက်များလုပ်ဆောင်နိုင်သနည်း။

ဆက်လက်လေ့လာလိုပါက

- အရပ်ဖက်လူ့အဖွဲ့အစည်း သို့မဟုတ် လွှတ်တော်ရုံးဝန်ထမ်းများကို နိုင်ငံ၏ဘဏ္ဍာရေးစနစ် အကျဉ်းချုပ်ကိုပြင်ဆင်ခိုင်းပါ။ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပြီး အားနည်းချက်၊ အားသာချက်များကို ပါ တပါတည်း ကောက်နုတ်ဖော်ပြစေပါ။
- ဘဏ္ဍာရေးစနစ်၊ စာချုပ်များနှင့် ပတ်သက်သည့် စာအုပ်စာတမ်းများ၊ အချက်အလက်များကို www.resource governance.org.တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။
- သဘာဝသယံဇာတများကို အကောင်းဆုံးကိုင်တွယ်အသုံးချနိုင်ရန်အတွက် အစိုးရများနှင့် လူမှုအသိုင်းအဝိုင်းများအတွက် ပြင်ဆင်ရေးသားထားသည့် စီးပွားရေးအခြေခံမှုများကို ဖော်ပြထားသည် သဘာဝသယံဇာတကျင့်ထုံး (Natural Resource Charter) www.naturalresourcecharter.org၊ အခွန်အကြောင်း အသေးစိတ်ကို http://naturalresourcecharter.org/content/precept-4 ဥပဒေသ ၄ တွင်ဖတ်ရှုနိုင်ပါသည်။
- ရေနံ၊တွင်းထွက်၊ မြေယာနှင့်ပတ်သက်သည့် စာချုပ်အစုစုကို http://www.resourcecontracts.org တွင်ဝင်ရောက်ရှာဖွေဖတ်ရှုနိုင်ပါသည်။

စာစဉ်များ

နည်းပညာအရရှုပ်ထွေး၊ သာမန်လူ နားမလည်နိုင်လောက်အောင် အလုမ်းဝေးသည့် ရေနံ၊ ဓာတ်ငွေ့၊ သတ္တုတွင်းလုပ်ငန်းများအတွက် ထိထိရောက်ရောက် စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ဥပဒေပြုခြင်း၊ ဖွင့်ပြအသိပေးခြင်းတို့ လိုအပ်သည်။ နိုင်ငံများအနေနှင့် တွင်းထွက်ကဏ္ဍမှ ရရှိသည့်အကျိုး အမြတ်များကိုအမြင့်ဆုံး ပမာဏဖြင့် ရရှိနိုင်ရန်အတွက် လွှတ်တော်က ဝင်ရောက်ထိန်းကျောင်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် NGRIသည် လိုအပ်သည့်သတင်း အချက်အလက်များပံ့ပိုးပေးလျက် ရှိသည်။ လွှတ်တော်နှင့်ဆိုင်သည့် စာတမ်းငယ်များကို www. revenuewatch.org/parliaments တွင် ရယူဖတ်ရှုနိုင်သည်။

လွတ်လပ်သော ပရဟိတ အဖွဲ့ အစည်းတစ်ခုဖြစ်သည့် သဘာဝသံယံဇာတ အရင်းအမြစ်စီမံခန့်ခွဲမှုအကြံပေးအဖွဲ့သည် လက်တွေ့ အသုံးချ သုတေသနနှင့် စွမ်းအားစုများဖွံ့ဖြိုးတိုးတက်စေရေး၊နည်းပညာဆိုင်ရာ အကြံဉာဏ်များ နှင့် အထောက်အကူပေးမှုများဆီသို့ တီထွင်ဖန်တီးမှုရှိရှိ ချဉ်းကပ်မှုတို့ မှတဆင့် ၄င်းတို့ တိုင်းပြည်မှ ထွက်သော ရေနံ၊ဓာတ်ငွေ့ နှင့် သတ္တုတွင်းထွက်ပစ္စည်းများ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို ပြည်သူများ သိရှိနားလည်နိုင်စေရန် ကူညီပေးပါသည်။ ထပ်ပြီးလေ့လာရန်- www.resourcegovernance.org

Natural Resource Governance Institute

Oil, gas and mining for development